# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံရုံး

## ဝါရှင်တန်မြို့

## အသိပေးကြေညာချက်

(၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်)

၁။ အမေရိကန်နိုင်ငံရောက် မြန်မာနိုင်ငံသားများအနေဖြင့် အကြောင်းကြောင်းကြောင့် နေထိုင်ခွင့်ဗီဇာ စသည့် တရားဝင်အထောက်အထားများ သက်တမ်းကုန်ဆုံးခြင်းစသည်တို့ ကြုံတွေ့နေရပါက အထောက်အထားမဲ့ နိုင်ငံခြားသား နေရပ်ရွှေ့ပြောင်းသူအဖြစ် သတ်မှတ်ခံရကာ ပြည်နှင်မည့်အနေအထားများ ဖြစ်ပေါ်လာနိုင်သဖြင့် ကာယကံရှင်များ၏ ပုဂ္ဂလိကအစီအစဉ်ဖြင့် နေထိုင်ခွင့်ရရှိရေး ကြိုတင်ဆောင်ရွက်နိုင်ကြပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

၂။ အကယ်၍ နေထိုင်ခွင့် အထောက်အထားမဲ့ သို့မဟုတ် တရားမဝင်ရောက်ရှိနေသူဖြစ်ပါက အိမ်ရှင်အစိုးရ၏ တာဝန်ရှိသူများက ပြည်နှင်ချိန်မှ ထွက်ခွာခြင်းထက် ကြိုတင်ထွက်ခွာသင့်ပါကြောင်း၊ မြန်မာနိုင်ငံအပြန်ခရီးအတွက် မည်သည့်ခရီးသွားလက်မှတ်အမျိုးအစားမျှ မရှိပါက သို့မဟုတ် နိုင်ငံကူးလက်မှတ်သည် ကာလကြာမြင့်စွာ သက်တမ်းလွန်နေပါက မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် လျှောက်ထားနိုင်ပါကြောင်း၊ လျှောက်ထားရန် ပုံစံနှင့် လိုအပ်ချက်များအား ဤသံရုံး၏ ဝက်ဘ်ဆိုက်မှ ရယူဖြည့်စွက်၍ အီးမေးလ်/ဖုန်းတို့ဖြင့် ဆောလျင်စွာ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

မြန်မာသံရုံး၊ ဝါရှင်တန်မြို့
ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက်

===

MEDC